www.burmeseclassic.com




# ဒေါက်တာအရှင်ဓမ္မပိယ(ပါမောက္ခ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

## မေတ္တာလက်ဖြင့်ခံယူ၍
## ကရုဏာလက်ဖြင့်ပေးစေချင်

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာလက်ဖြင့် ခံယူ၍
# ကရုဏာလက်ဖြင့် ပေးစေချင်

ဒေါက်တာအရှင်ဓမ္မပီယ (USA)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ မေတ္တာလက်ဖြင့်ခံယူ၍ ကရုဏာလက်ဖြင့်ပေးစေချင် ၆

၂။ နေ့စွဲမပါတဲ့ပန်းဒိုင်ယာရီ ၃၄

BURMESE CLASSIC .com

## မေတ္တာလက်ဖြင့်ခံယူ၍ ကရုဏာလက်ဖြင့်ပေးစေချင်

အတွေးအမြင်တစ်ခုကို တင်ပြဆွေးနွေးတဲ့အခါ တိုက်ရိုက်တွေးပြီး တိုက်ရိုက်သိမြင်နိုင်တဲ့ အကြောင်းအရာတွေ ရှိသလို၊ တိုက်ရိုက်မသိ၊ မမြင်နိုင်တဲ့ အကြောင်းအရာတွေကလည်း အများကြီး ရှိနေတယ်။ ဇင်ဗုဒ္ဓဘာသာမှာ ကိုအန် (Koan) ဆိုတဲ့ စကားအသုံးအနှုန်းတစ်ခု ရှိတယ်။ "မြည်သူ့စကားထာ" လို့ အဓိပ္ပါယ် ဖွင့်ဆိုရမလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကိုပင် တခါတရံမှာ "ဇင်ရဒ်ဒယ်လ်စ်" (Zen Riddles) လို့ ဖွင့်ဆိုထားတာမျိုးကို တွေ့ရတယ်။[၁] ရဒ်ဒယ်လ်စ်-ဆိုတာ အဖြေကို မှန်းဆပြီးသိရတဲ့ စကားထာမျိုးပါ။[၂] စိတ်ဝင်စားဖို့ကောင်းတယ်။ ဂျပန်အတွေးအခေါ်တွေ အနောက်တိုင်း ပညာရေး (Academic) နယ်ပယ်မှာ ဝင်ရောက်နေရာယူလာနိုင်တာဟာ ဒီအတွေးအခေါ်တွေကြောင့်လည်း ဖြစ်နိုင်တယ်။

အတွေးအခေါ်ဆိုတာ လောကနယ်ပယ်ထဲမှာ နေသူအားလုံး ကျင့်သုံးနေတဲ့ ဘာသာရပ်တစ်ခုလို့ ဆိုနိုင်တယ်။ ဇင်ဗုဒ္ဓဘာသာဝင်များကတော့ ဒါကို ဘာသာရေးသင်ခန်းစာတစ်ခုအနေနဲ့ အလေ့အလာပြုကြတယ်။ ဒီနေရာမှာ ဇင်ဗုဒ္ဓဘာသာဝင်တို့ရဲ့ "ကိုအန်"လေးတစ်ခုကို ထုတ်ပြမယ်။

တနေ့မှာ ဇင်ဘုန်းကြီးလေး (၃) ပါး အလံတိုင်တစ်ခု အနီးမှာ ထိုင်နေခဲ့ကြတယ်။



အတူထိုင်နေကြရင်း ဇင်ဘုန်းကြီးလေးတစ်ပါးက အလံတိုင်မှာ လွှင့်ထူထားတဲ့ လေနဲ့အတူ တစ်လှပ်လှပ် လှုပ်နေတဲ့ သာသနာ့အလံကို လက်ညှိုး ညွှန်ပြပြီး "ဟိုမှာကြည့်၊ အလံလေးလှုပ်နေတယ်"လို့ ရုတ်တရက် ဆိုသလို ပြောလိုက်မိတယ်။

လက်ညှိုးညွှန်ပြရာကို ကြည့်မိတဲ့ ဒုတိယဘုန်းကြီးလေးက "အရှင်ဘုရားကလည်း အလံက လှုပ်တာ မဟုတ်ပါဘူး၊ လေက လှုပ်တာပါ"တဲ့။ ဒီတော့ တတိယဘုန်းကြီးလေးက သူတို့ညွှန်ပြရာကို လှမ်းကြည့်ရင်း "အရှင်ဘုရားတို့ကလည်း အလံက လှုပ်တာလည်း မဟုတ်ဘူး၊ လေက လှုပ်တာလည်းမဟုတ်ဘူး၊ စိတ်က လှုပ်တာပါ" တဲ့။ ကဲ ဘာက လှုပ်နေတယ်ဆိုတာကို စဉ်းစားပြီး အဖြေညှိကြည့်ဖို့ပါ။ စိတ်ကို ရှုပ်ထွေးသွားစေရန် မရည်ရွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးခြင်းဆိုတာ စိတ်နဲ့ဆိုင်တဲ့ ဘာသာရပ်တစ်ခုလို့ ဆိုရမှာပါ။ တကယ်တော့ ရှုပ်ထွေးလှတဲ့ ဒီလောကကြီးထဲမှာ စဉ်းစားစရာ အကြောင်းတွေက များတော့ ပိုပြီးစိတ်ရှုပ်ကြရတယ်။ စဉ်းစားစရာ အကြောင်းတွေကလည်း အများသား။ မိဘနှစ်ပါးအတွက်၊ မိသားစုများအတွက်၊ ညီအကိုမောင်နှမများအတွက်၊ ဘဝကြင်ဖော်များအတွက်၊ ကိုယ့်လျှောက်ရမဲ့ ဘဝခရီးလမ်းအတွက် စဉ်းစားကြရတာ။ ဒါက ဆိုရှယ်နဲ့စပ်တဲ့ အတွေးတွေပါ။

တိုင်းပြည်နဲ့စပ်ဆိုင်တဲ့ အတွေးတွေ၊ ဘာသာ၊ သာသနာနဲ့ စပ်ဆိုင်တဲ့ အတွေးတွေဆိုတာလည်း ရှိသေးတယ်။ မိသားစုနဲ့ဘဝထဲမှာ နေတယ်ဆိုပေမဲ့ ဘာသာတရားရဲ့ အဆုံးအမအများကို ခံယူထားသူများမို့ ဘာသာ၊ သာသနာအရေးဟာ ကိုယ့်အရေးလို သဘောထားပြီး တွေးသင့်တာများကို တွေးကြည့်ကြဖို့ပါ။ မိသားစုအတွက် မိသားစုဝင်များမှာ တာဝန်တွေ ရှိနေသလို ဘာသာ၊ သာသနာအတွက် ဘာသာဝင်များမှာ တာဝန်တွေဆိုတာ ရှိနေမှာပဲ။ တာဝန်ရှိရင်တော့ တာဝန်သိဖို့တော့ လိုမှာပေါ့။ စဉ်းစားနိုင်ဖို့ပါ။



စဉ်းစားတယ်ဆိုတာ များသောအားဖြင့် အလကား စဉ်းစားနေတာမျိုးတော့လည်း မဟုတ်ဘူး။ စဉ်းစားရတဲ့ အကြောင်းရင်းတွေ ရှင်းများရှင်းသွားလေမလားလို့ စဉ်းစားကြတာပါ။ ဒါပေမဲ့ များသောအားဖြင့်တော့ စဉ်းစားရင်း စဉ်းစားရင်း ပိုမိုပြီး ရှုပ်ထွေးသွားတတ်ကြတယ်။ ဖြစ်နိုင်ရင်တော့ မစဉ်းစားပဲနေနိုင်ရင် ကောင်းတာပေါ့။ တကယ်ကို မစဉ်းစားချင်ဘူးဆိုရင်တော့ နည်းလမ်းလေး ပေးခဲ့ပါမယ်။

အဲဒီနည်းလမ်းကတော့ သတိတရားနဲ့ နေတတ်အောင် ကြိုးစားပါလို့။ စဉ်းစားသူများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်ခုတော့ရှိတယ်။ လောကကြီးကတော့ ဘယ်တော့မှ လူတွေကို ရှုတ်ထွေးအောင် မလုပ်ဘူး။ လူတွေကသာ ကိုယ့်စိတ်ကို ရှုပ်ထွေးအောင် လုပ်နေကြတာ။ လောကကြီးကို အပြစ်မတင်ကြဖို့ပါ။

ကြည့်ပါဦး။ လူတွေရဲ့စိတ်တွေမှာ စိတ်ခံစားမှုတွေ၊ စိတ်ကောက်မှုတွေ၊ စိတ်ဆိုးမှုတွေ၊ စိတ်ပျက်မှုတွေ၊ စိတ်တိုမှုတွေ၊ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်ဖိစီးမှုတွေ-စသည်ဖြင့် စိတ်နဲ့စပ်ပြီး ရှုပ်ထွေးနေကြတာ။ ဒါကို လူတွေက ပြဿနာလို့ ယူဆတာ။ စိတ်နဲ့ဆိုင်တဲ့ ပြဿနာပေါ့။

ပြဿနာဆိုတာ ကိုယ်က ရှာလို့ရတဲ့ ပြဿနာမျိုး ရှိသလို၊ ကိုယ်က မရှာဘဲ ကိုယ်ထံ ရောက်လာတဲ့ ပြဿနာမျိုးလည်း ရှိတတ်တယ်။ ဘာပဲဖြစ်ဖြစ် ပြဿနာဆိုတာ လက်ခံထားသင့်တဲ့ အရာမျိုးမဟုတ်ဘူးဆိုတာကိုတော့ လူတိုင်းနီးနီး နားလည်ထားပြီး ဖြစ်မှာပါ။



ဒီလိုရှုပ်ထွေးလှတဲ့ ပြဿနာတွေကို ရှင်းချင်ရင် ပြဿနာဆိုတာ ဘာလဲဆိုတာ ကြိုတင်သိထားရမှာ။ ပြဿနာကိုသိထားပြီးမှ ဝိုင်းဝန်း ဖြေရှင်းလို့ရမှာ။

ပြဿနာဆိုတဲ့အဓိပ္ပါယ်ကို စာနဲ့ပေနဲ့ ရှင်းရမယ်ဆိုရင် "အဖြေလိုနေတဲ့ မေးခွန်း"လို့ ဆိုရမှာပါ။[၃] အရပ်စကားနဲ့ ပြောရင်တော့ ပြဿနာဆိုတာ သဘောတူညီမှုမရသေးတဲ့ သဘောထားကွဲလွဲမှု-လို့ဆိုရမှာပါ။ လှေမျှောရင် လှေနဲ့လိုက်ရတယ်။ ငွေမြောရင် ငွေနဲ့ လိုက်ရတယ်ဆိုတဲ့ လောကအဆို ရှိထားတယ်။

အဲဒီသီအိုရီအရဆိုရင် ငွေကြေးကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာမျိုး ဖြစ်နေခဲ့ရင် ငွေကြေးနဲ့ပဲရှင်းမှ ရနိုင်တယ်။ စိတ်ကြောင့်ဖြစ်တဲ့ ပြဿနာမျိုး ဆိုရင်လည်း စိတ်နဲ့ ရှင်းမှ ရနိုင်တယ်ဆိုတဲ့ သဘောပါ။ ဒီသီအိုရီကို အခါခပ်သိမ်း မှန်တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့တော့ ယူဆလို့မရဘူး။ ဘာကြောင့်လဲဆိုရင် လူ့လောကမှာဖြစ်နေတဲ့ ပြဿနာတွေက ထောင်သောင်းမက ရှိနေတာ။

မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေမှာ ပြဿနာတွေ အများကြီးရှိနေတယ်လို့ အများက ပြောကြတယ်။ တကယ်တော့ လူမျိုးတိုင်းမှာ ပြဿနာဆိုတာကတော့ ရှိနေကြတာပဲ။ နိုင်ငံရေး ပြဿနာ၊ ဘာသာရေးပြဿနာ၊ စီးပွားရေး ပြဿနာ၊ လူမှုရေး ပြဿနာ-စတဲ့ ပြဿနာတွေကတော့ စုံနေမှာပါ။ ပြဿနာကြီးတယ်၊ ငယ်တယ်-လို့ ဆုံးဖြတ် ပြောဆိုနိုင်ဖို့ကတော့ တိုင်းတာတဲ့စံနှုန်းပေါ်မှာ မူတည်တယ်။

ဒီလိုဆို ဘယ်လိုတိုင်းတာမလဲလို့ စဉ်းစားတဲ့အခါ လောကအမြင်နဲ့ စဉ်းစားမလား၊ ဓမ္မအမြင်နဲ့ စဉ်းစားမလား တစ်ခုခုနဲ့ စဉ်းစားနိုင်ကြဖို့ပါ။ လူ့လောကမှာ လွတ်လပ်စွာ ပြောဆိုခွင့်မရှိတာတို့၊



လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေရေးသားခွင့်မရှိတာတို့၊ ဘာသာရေးလွတ်လပ်ခွင့်မရှိတာတို့ဆိုတာ လူမှုပြဿနာတွေရဲ့ အခြေခံအကြောင်းတရားတွေလို့ အဆိုပြုထားကြတယ်။ ဒါကလည်း နိုင်ငံရေးနယ်ပယ်မှာ နှစ်ဖက်သဘောတူဖို့ခက်တဲ့ ပြဿနာမျိုးပါ။ အဲဒီလို သဘောတူညီမှုမရနိုင်ကြလို့လည်း ပြဿနာဆိုတာ ဖြစ်နေတာ။ ရှုပ်ထွေးတဲ့ လူ့လောကရဲ့ အတွေးအမြင်တွေပါ။

ဓမ္မအမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ "သီလနဲ့ ပြဟ္မစိုရ်" ဟာ လူတစ်ယောက်မှာ ဂုဏ်သိက္ခာရှိ၊ မရှိကို တိုင်းတာနိုင်တဲ့ အခြေခံဓမ္မမှတ်ကျောက်လို့ ဆိုရမှာပါ။ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ သီလသိက္ခာပေါ်မှာ အများကြီး မူတည်နေပါတယ်။ ဘာကြောင့်လဲဆိုရင် သီလသိက္ခာက ကိုယ်နဲ့နှုတ်ကို ယဉ်ကျေးစေနိုင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ်ကျင့် သိက္ခာမရှိတဲ့ပုဂ္ဂိုလ်၊ အများရဲ့အပြစ်တွေချည်းပဲ ရှာနေတတ်တဲ့ပုဂ္ဂိုလ်၊ အတ္တလွန်းကဲတဲ့ပုဂ္ဂိုလ်၊ ဒီလိုပုဂ္ဂိုလ်တွေမှာ ဂုဏ်သိက္ခာဆိုတာ ရှိနိုင်ဖို့အခက်သား။ ဂုဏ်သိက္ခာမရှိတဲ့အပြင် ပြဿနာကိုပါ မွေးဖွားပေးနေသူတွေလို့ ဆိုရမှာပါ။

သတ်ခြင်း၊ ခိုးခြင်း၊ သူများအိမ်ယာများကို စော်ကားခြင်း၊ ဖေါက်ပြန်ခြင်း၊ ပြစ်မှားကျူးလွန်ခြင်းစတဲ့ သူတို့ပြုလိုက်တဲ့ ဒီအမှုတွေဟာ အများအတွက် ပြဿနာတွေ ဖြစ်စေခဲ့တယ်။ အများအကျိုးကို လိုလားတဲ့ မေတ္တာစိတ်က အားနည်းနေတော့ သူများရဲ့အတင်းအဖျင်းတွေကို မမောနိုင်မပမ်းနိုင်ပြောနေတာ၊ သနားကြင်နာတဲ့ ကရုဏာစိတ်က သတ္တိညံ့နေတော့ သူများနစ်နာအောင်အပြင်းအထန် အားထုတ်နေတာ၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည်တွေမှာ အောင်မြင်နေတဲ့ ပုဂ္ဂိုလ်



များကို တွေ့ရတော့ မနာလိုစိတ်တွေ၊ ဝန်တိုစိတ်တွေ၊ မရှုစိမ့်နိုင်တဲ့စိတ်တွေ၊ ဒီစိတ်တွေကထကြွသောင်းကြမ်းလာတာ။ သူ့မှာ ဘယ်လိုလုပ်ပြီးမုဒိတာစိတ်တွေ ပွားနိုင်တော့မှာလဲ။

ယုံကြည်ချက်ခြင်း၊ ခံယူချက်ခြင်း၊ အတွေးအမြင်ခြင်း မတူတဲ့အခါ တစ်ဖက်သားအပေါ်မှာနားလည်မှု လွဲနေတတ်တာတို့၊ ခွင့်မလွှတ်နိုင်တော့တာတို့၊ သည်းခံစိတ် မမွေးနိုင်တော့တာတို့၊ ဒါတွေဟာ ဥပေက္ခာနှလုံးသားမှာ ဒဏ်ရာရနေသူတို့ရဲ့ လက္ခဏာအမှတ်အသားလို့ ဆိုရမှာပါ။

ဒီစိတ်မျိုးတွေ ဝင်လာပြီဆိုရင်တော့ မခေါ်မပြောနိုင်တော့တာမျိုးတို့၊ မျက်နှာထား တင်းမာနေတာမျိုးတို့ဆိုတာ သိသာထင်ရှားနေတော့တာ။ ဒီလိုပုဂ္ဂိုလ်တွေကို တွေ့ဖူးကြမှာပါ။ အရိယာအဖြစ်သို့လည်း မရောက်နိုင်သေး၊ ဝိပဿနာစခန်းများသို့လည်း မသွားနိုင်ကြရှာသေးလို့ သတ္တဝါတရားကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ဆောင်မထားနိုင်ကြသေးတဲ့ ပုထုဇဉ်တွေအတွက် ပြဿနာတွေ ဖြစ်နေတယ်ဆိုတာ ဘာမှ ဆန်းတော့တာမဟုတ်ပါ။ စဉ်းစားနိုင်ကြဖို့ပါ။

ရှုပ်ထွေးနေတဲ့ မြန်မာနိုင်ငံရဲ့ မျက်မှောက်ခေတ် အခြေအနေတွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိုယ်ကျင့်သိက္ခာ မြင့်မားရေးနဲ့ သာသနာတော် အရေးတွေကအစ တိုင်းရေး၊ ပြည်ရေးတွေအထိ နေရာတိုင်းမှာ ပြဿနာအသွင်ကို ဆောင်နေတယ်လို့ ဆိုကြတယ်။ များပြားလှတဲ့ အရေးတွေမှ တခြားအရေးတွေကို ခဏထားပြီး သာသနာတော်အရေးတစ်ခုကိုပဲ နည်းနည်းဆွေးနွေးချင်ပါတယ်။

နိုင်ငံတွင်းမှာ ပြည်သူတွေ ကိုယ်ကျင့် သိက္ခာများ ပျက်ပြားနေခြင်းဟာ သာသနာတော်ရေးနဲ့



ဆိုင်၊ မဆိုင် စဉ်းစားကြည့်ဖို့ပါ။ သားသမီးများရဲ့ အရေးဟာ မိဘများ အရေးဖြစ်သလို၊ မိဘများရဲ့ အရေးဟာလည်း သားသမီးများရဲ့အရေးဆိုတာ သိထားကြရမှာပါ။

ယနေ့ခေတ် ကြီးကြီးငယ်ငယ် လူရွယ် လူငယ်များ ကိုယ်ကျင့်သိက္ခာတွေ ပျက်ပြား နေခြင်းဟာ လူမျိုးဘာသာ သာသနာအရေးလို့ ဆိုနိုင်၊ မဆိုနိုင် စဉ်းစားနိုင်ဖို့ပါ။ ဆင်းရဲလို့ အကျင့်ပျက်ရတာလား၊ အကျင့်ပျက်လို့ ဆင်းရဲကြတာလား- ဆိုတာကိုလည်း ဆွေးနွေးနိုင်ဖို့ပါ။

ဆင်းရဲခြင်းအကြောင်းတွေက များစွာ ရှိကောင်းရှိမယ်။ ဒါပေမဲ့ ဒီအကြောင်းတရားလေးပါးကတော့ အဓိက ကျမယ်လို့ ထင်မိတယ်။ စဉ်းစားနိုင်ဖို့ပါ။ ဆင်းရဲခြင်း အကြောင်းတွေထဲမှာ (၁)တိုင်းပြည်တစ်ခုရဲ့ စီးပွားရေး ပေါ်လစီနဲ့ သက်ဆိုင်နေသလား။ (၂) အလုပ်လုပ်ကြရာမှာ

www.burmeseclassic.com

www.burmeseclassic.com



လုံ့လဝီရိယနဲ့ အလုပ်မလုပ်ကြလို့လား။ (၃) တိုင်းသား ပြည်သူတွေ အသောက်အစားနဲ့ လောင်းကစားမှုတွေ၊ အပျော်အပါး (ကာမ) မှုတွေ များလွန်းနေလို့လား။ (၄) ရှာလို့ရလာတဲ့ စီးပွားဥစ္စာထဲမှ ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင် ချွေတာသုံးစွဲတတ်တဲ့ အသိပညာတွေ မရှိကြလို့လား။ အဖြေရှာနိုင်ကြဖို့ပါ။

သီလမရှိတာနဲ့ ဆင်းရဲတာ ဘာမှ မဆိုင်ပါဘူးလို့တော့ ပြောလို့မရဘူး။ အဲဒီလို ပြောခဲ့မယ်ဆိုရင် "သီလစောင့်မှ အူမတောင့်တယ်" ဆိုတဲ့ ပညာရှိ သူတော်ကောင်းတို့ရဲ့စကားရယ်။ သီလနဲ့ ပြည့်စုံတဲ့သူဟာ တောင့်တတဲ့ အလိုဆန္ဒများကို ပြည့်ဝစေနိုင်တယ်လို့ ဟောထားတဲ့ ဘုရားစကားရယ်၊ ဒီစကားတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်သွားမှာပေါ့။ ဒီလောကမှာ ဆင်းရဲတဲ့ဆုကို တောင်းတတဲ့လူဆိုတာ ရှိနိုင်မယ်မထင်ပါ။ ရှိခဲ့မယ်ဆိုရင်လည်း ထိုလူဟာ ပုံမှန်လူတော့ မဟုတ်တန်ရာ။



ပြည်သူ၊ ပြည်သားတွေ ဆင်းရဲနေကြတာဟာ ကံတရားကြောင့်ပါလို့ ဒီလိုအဖြေမျိုးကို လွယ်လွယ်နဲ့တော့ မဖြေသင့်ဘူး။ "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ"လို့ ဘုရားဟောစကား ရှိထားတာမှန်ပေမဲ့ ပယောဂသမ္ပတ္တိ (ဉာဏ်ဝီရိယစသော ပယောဂရှိခြင်း) ကင်းနေခဲ့ရင် ယခု မျက်မှောက်ဘဝမှာ ရှင်ဘုရင်သားလည်း ရှင်ဘုရင် မဖြစ်နိုင်သလို၊ သူဌေးသားလည်း သူဌေး မဖြစ်နိုင်ပါ။ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသားဟာ ပညာမတတ်၊ လုံ့လမရှိ၊ အသုံးအဖြုန်းကြီး၊ မူးယစ်ပျော်ပါးခြင်းနဲ့သာ အချိန်ကုန်ခဲ့လေတော့ နောက်ဆုံး ခွက်စုတ်တစ်ခုနဲ့ တောင်းစားရတဲ့အဖြစ်ကို ရောက်သွားရတာပါ။

ကုဋေရှစ်ဆယ်သူဌေးသား ဝတ္ထုကို လူတိုင်းနီးနီး ကြားဖူးထားတာမို့ အကျယ်ချဲ့၍ မရေးလိုတော့ပါ။ ပစ္စုပ္ပန်ဘဝမှာ ဘာမှမလုပ်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှအားမထုတ်ပဲ "ကံတရားကြောင့် ဆင်းရဲရတာပါလို့" ကံကိုချည်း ရိုးမယ်ဖွဲ့နေမယ်ဆိုရင်တော့ သက်ရှိ၊ သက်မဲ့အရာအားလုံးဟာ ဖန်ဆင်းရှင်အလိုကျ ဖြစ်ရတယ်"လို့ ယုံကြည်လက်ခံထားတဲ့ အယူဝါဒနဲ့ ဘာမှထူးတော့မည် မဟုတ်ပါ။ သတိပြုနိုင်ကြဖို့ပါ။

ကံကိုပယ်ရင် ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘူး-လို့ စောဒကတက် လာနိုင်တယ်ဆိုတာကိုလည်း သိထားရမှာပါ။ ဒါပေမဲ့ ပြည်သူ၊ ပြည်သားများ ဆင်းရဲနေရတဲ့ကိစ္စမှာ ကံကိုချည်း ရိုးမယ်ဖွဲ့နေလို့ မရနိုင်ပါ။ အခုလို ပြောဆိုနေခြင်းဟာ ကံကိုပယ်နေခြင်း မဟုတ်ပါ။ ဉာဏ်မယှဉ်နိုင်လို့ မှားယွင်းစွာ ယုံကြည်ထားတဲ့ မိစ္ဆာဒိဋ္ဌိ အယူမျိုးကို ပယ်နိုင်အောင် ပြောနေခြင်းပါ။

ကံ ဉာဏ် ဝီရိယ သုံးပါကို အချိုးညီညီအားထုတ်မှုမပြုပဲ ကံကိုချည်း အပြစ်ပုံချ၍ မရပါ။



ဥပမာ၊ တောကျောင်း၊ ရွာကျောင်းတွေမှာ ကျောင်းသား၊ ကိုရင်တွေ နည်းပါးသွားတာ (သို့မဟုတ်) လုံးဝမရှိတော့တာဟာ ကံကြောင့်ချည်း မဟုတ်ပါ။ ဘာသာရေးခေါင်းဆောင်များ၊ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ခေါင်းဆောင်များ၊ ရွာသူ၊ ရွာသားများရဲ့ ပယောဂ သမ္ပတ္တိအားနည်းမှုကြောင့်လည်း ဖြစ်ရတယ်ဆိုတာ သိထားကြဖို့ပါ။

ခေတ်ကာလတွေ ပြောင်းလဲလာတာနဲ့ အမျှ ခေတ်ပညာတွေကို သင်ချင်ရှာကြတဲ့ ကျောင်းသား၊ ကိုရင်များဟာ ခေတ်ပညာများကို သင်ကြားမပေးနိုင်တဲ့ ဘုန်းကြီးကျောင်းများမှ ထွက်ခွာခဲ့ကြရပြီး၊ ခေတ်ပညာများကို သင်ကြားပေးနိုင်တဲ့ စာသင်ကျောင်းများသို့ ပြောင်းရွှေ့ပညာ သင်ကြားကြရတာပါ။ ပညာကို လိုချင်ရှာကြတဲ့ ကျောင်းသား၊ ကိုရင်များရဲ့ ဘဝလေးများကို စာနာစိတ်နဲ့ နားလည်ပေးနိုင်ကြမယ်ရင် သူတို့ရဲ့ ခွဲခွာခြင်းဟာ မှားတဲ့သာ

www.burmeseclassic.com

www.burmeseclassic.com



လို့သာ ခွဲခွာရခြင်းဆိုတာကို ပြောလိုရင်းပါ။

ကိုယ့်ဆရာ၊ ကိုယ့်ဘုန်းကြီးကို သူတို့လည်း ဘယ်ခွဲခွါသွားချင်ကြမလဲ။ ခွဲခွာကြရတဲ့အချိန်မှာ သူတို့ရဲ့မျက်ဝန်းအိမ်များမှာ မျက်ရည်စတွေ ဝေ့ဝဲနေတဲ့ ကျောင်းသား၊ ကိုရင်များရဲ့ မျက်နှာလေးများကို စာရှုသူတို့ တွေ့ဖူး၊ မြင်ဖူးကြမှာပါ။

အဲဒီလို ဖြစ်ရတာဟာလည်း ကံပဲ မဟုတ်ဘူးလား။ ဗုဒ္ဓဘာသာဝင်တွေ ဆင်းရဲ မွဲတေပြီး၊ ကိုယ်ကျင့်တရားတွေ ပျက်ပြားနေတာ ဟာလည်း ကံတရားကြောင့်ပဲ မဟုတ်ဘူးလားလို့ ကမ္မဝါဒီ (ကံကို ယုံကြည်ထားလွန်းတဲ့သူ)က မေးခွန်းတွေ ဆက်တိုက် မေးလာနိုင်တယ်။ ဒီမေးခွန်းတွေကို တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဖြေကြားထားပြီး ဖြစ်တယ်။

ဆရာတော်ဘုရားကြီးက "အရာရာ ကံကို ချည်း စွဲလမ်းသူများလည်း 'ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ'



ခေါ် မိစ္ဆာဒိဋ္ဌိ တစ်မျိုးမှ မလွတ်ကင်းဘဲ ရှိကြလေသည်။ ထိုဒိဋ္ဌိ၏ယူမှားပုံကား 'ယခု မျက်မြင်သတ္တဝါတွေသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အကြောင်းအကျိုးကို ခံစားရ၏။ ထိုအကျိုးအားလုံးသည် ရှေးက ပြုခဲ့ဘူးသော ကံကြောင့် ချည်းသာ ဖြစ်၏' ဤသို့ စသည်ဖြင့် ယူလေသည်။

မိစ္ဆာအယူကို စဉ်းစားလျှင် 'မကောင်းလည်းကံ ကောင်းလည်းကံ' ကံတစ်ခုကိုသာ စွဲလမ်းကြသော ဗုဒ္ဓဘာသာဝင်တို့ကလည်း ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိမှ မလွတ်သည်ကို တွေ့ရပေသည်"ဟု ကံကို ယုံကြည်မှုနှင့်စပ်၍ အတိအကျ ဖြေကြားထားခဲ့၏။ (ကိုယ်ကျင့်အဘိဓမ္မာ နှာ-၂၃၄) ကံကို ယုံကြည်ယုံရုံမျှနဲ့ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက် ဖြစ်နိုင်၊ မဖြစ်နိုင်ဆင်ခြင်ကြည့်နိုင်ဖို့ပါ။

မြန်မာပြည်က ဆရာတော် ခပ်များများဟာ တောကျောင်း၊ ရွာကျောင်းများ၌ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သား၊ ကိုရင်များ တစ်နေ့တစ်ခြား နည်းပါးလာခြင်း ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်စိတ်နှောလျက် သာသနာတော် အရေးအတွက် အကြိမ်ကြိမ် ဆွေးနွေးပွဲများ ပြုလုပ်ဖြစ်ကြတယ်ဆိုတာ ကြားသိရ၍ ဝမ်းသာမိပါ၏။

ထိုအရေးများကို နှစ်များစွာကပင် ကြိုတင်၍ မြင်တော်မူခဲ့တဲ့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဒီလိုဖြစ်နေခြင်းဟာ "မြန်မာနိုင်ငံအတွက် သာသနာရေး အသက်ငင်နေခြင်းပင် ဖြစ်တော့သည်"ဟု ကောက်ချက်ချပြတော်မူခဲ့တယ်။

ဆင်းရဲလို့ ကိုယ်ကျင့်တရားတွေ ပျက်ပြားတာ ဖြစ်နိုင်သလို၊ ကိုယ်ကျင့်တရားပျက်ပြားလို့ ဆင်းရဲတာလည်း ဖြစ်နိုင်ပါတယ်။ ဆင်းရဲလို့ သာသနာကို စွန့်ရဲတာလည်း ဖြစ်နိုင်သလို၊ ဘာသာ၊ သာသနာစိတ်၊ မျိုးချစ်စိတ်အားနည်းလို့ ဘာသာ၊ သာသနာကို စွန့်ရဲတာလည်း ဖြစ်နိုင်ပါတယ်။



သာသနာတော်အရေးနှင့် အမျိုးသားရေးများကို ရှေ့တန်းမှ ဆောင်ရွက်တော်မူကြတဲ့ ရဟန်းသံဃာတော်များ၊ အမျိုးသားရေးဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ သတိမူသင့်တဲ့ ကိစ္စမျိုးပါ။ သိမ်မွေ့လှတဲ့ ဘာသာရေးအစ်ရှူး (Issue) ဖြစ်လို့ အလေးအနက်ထားပြီး စဉ်းစားနိုင်ကြဖို့ပါ။

ယနေ့မျက်မှောက်ကမ္ဘာမှာ စီးပွားရေးသမားများက သူထက်ငါ နေရာဦးပြီး၊ အကျိုးအမြတ်များများ ရရှိနိုင်ဖို့ ကမ္ဘာတစ်ခွင်ကို ခြေဆန့်နေကြတယ်။ ဒုတိယခြေလှမ်းအနေနဲ့ စကြာဝဠာတွင်းရှိ ဂြိုဟ်များဆီသို့သွားပြီး နေရာဦးနိုင်ဖို့ ခြေလှမ်းများပင် ပြင်ဆင်နေကြတယ်။

ထိုနည်းတူစွာပဲ ကမ္ဘာအရပ်ရပ်ရှိ ဘာသာရေး ခေါင်းဆောင်များ၊ ဘာသာရေး အသင်းအဖွဲ့များဟာ ကိုယ်ယုံကြည်ချက်ရှိထားတဲ့ ဘာသာတရားရဲ့

www.burmeseclassic.com

www.burmeseclassic.com



တရားဓမ္မများ၊ ယဉ်ကျေးမှုဓလေ့ထုံးများကို ကမ္ဘာမြေပေါ်အနှံ့ လွှမ်းမိုးနေရာယူနိုင်ဖို့ ကိုယ်အား၊ ဉာဏ်အား၊ ဓနအားတွေနဲ့ သာသနာပြုမစ်ရှင်တွေ (Mission) တွေကို နည်းဗျူဟာ(၂)မျိုးကို သုံးပြီး သူ့ထက်ငါ အပြိုင်စေလွှတ်နေကြတယ်။ စိတ်ဝင်စားစရာပါ။

သူတို့သုံးတဲ့ နည်းဗျူဟာ (၂)မျိုးက -

(၁) မစ်ရှင်နည်း။ ဒီနည်းက စစ်တပ်များလို ရှေ့တန်း မှာ စစ်မျက်နှာဖွင့်ပြီး တိုက်တဲ့နည်း။ ဆိုလိုတာက တရားစာအုပ်တွေကို ဖြန့်ဝေမယ်။ ပြည်သူ၊ ပြည်သားတွေ နားထဲရောက်အောင် တရားတွေကို ဟောပြောမယ်၊ အိမ်ပေါက်စေ့၊ ရွာပေါက်စေ့၊ မြို့ပေါက်စေ့ရပ်ပြီး လူတွေကို စည်းရုံးမယ်၊ တရား ဓမ္မတွေကို ဆွေးနွေးမယ်။ ဒီလိုနည်းနဲ့ စည်းရုံးတာ။



(၂) ထောက်ပို့နည်း။ ဒီနည်းက ဘာနဲ့တူလဲဆိုတော့ ရှေ့တန်းက စစ်မျက်နှာဖွင့်ပြီး တိုက်သွားတဲ့ နေရာတွေကို နောက်ထပ် မစ်ရှင်တွေ လွှတ်ပြီး သူတို့ရဲ့ဘာသာတရားတွေ အခြေကျနိုင်ဖို့ ရပ်ရွာတွေကို ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းတွေ ဆောက်လုပ်ပေးခြင်း၊ ဆေးခန်းတွေ ဆောက်လုပ်ပေးခြင်း၊ ကလေးသူငယ်များကို စာသင်ပေးခြင်း၊ ကလေးသူငယ်များအား စားစရာ၊ ဝတ်စရာ၊ နေစရာများပေး၍ ဆွဲဆောင်ခြင်း၊ ရွာသူ၊ ရွာသားများကို စည်းရုံးခြင်း၊ မိဘများအားလည်း ပံ့ပိုး၍ စည်းရုံးခြင်း ဒီနည်းတွေကို အသုံးပြုတယ်။

ဒီနည်း (၂)နည်းကို မစ်ရှင်တွေက အားနဲ့အင်နှင့်အတူ ငွေကြေးဓနများပါသုံးပြီး သာသနာပြုနေချိန်မှာ ဘာသာရေးခေါင်းဆောင်တွေ၊ အမျိုးသားရေး ခေါင်းဆောင်တွေဟာ "ဒါတို့ပြည် (ပြေ) ဒါတို့မြေ" လုပ်နေကြတုံး ရှိနေကြသေး၍ ဖုံးရိမ်တတ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် စိုးရိမ်ဖွယ်ဖြစ်နေမှာပါ။ ဘာမှမလုပ်လို့ကတော့၊ ဘာမှဖြစ်မလာဘူးဆိုတာ ရဟန်း ရှင်လူများ သတိပြုနိုင်ကြဖို့ပါ။

ခေတ်မှီတဲ့ မစ်ရှင်နည်းဗျူဟာတွေနဲ့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေကြတော့ ဘာသာရေး အခြေခံနည်းပြီး ဆင်းရဲတဲ့မိသားစုများအတွက်တော့ "ရေဆာတုန်း ရေတွင်းထဲ ကျတဲ့" ကိန်း ဆိုက်ရောက်နေတယ်လို့ ဆိုရမှာပါ။ မြန်မာပြည်တွင်းရှိ ဆင်းရဲတဲ့ တိုင်းသူ၊ ပြည်သားတွေဟာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပံ့ပိုးပေးတဲ့ မစ်ရှင်တွေရဲ့ သာသနာပြုအရိပ်အောက်မှာ ကျရောက်ရတာဟာ ဆန်းတော့မဆန်းတော့ပါ။

သူတို့သာသနာပြုတဲ့နည်းက ပေးတဲ့၊ ကျွေးတဲ့နည်း။ ဗုဒ္ဓဘာသာဝင်အများစု သာသနာပြုတဲ့နည်းက တောင်းတဲ့၊ ယူတဲ့နည်း။ အမြင်ရှင်းရှင်းလေးနဲ့ မြင်တတ်၊ ကြည့်တတ်ဖို့ပါ။ လပေါင်း



များစွာ၊ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်တဲ့ ဒီမစ်ရှင်စီမံကိန်းဟာ ပြည်နယ်၊ ပြည်မမှာ နေထိုင်ကြတဲ့ ကလေးပေါင်းများစွာ၊ အမျိုးသမီးပေါင်းများစွာ၊ ဘာသာဝင်ပေါင်းများစွာကို သိမ်းသွင်းစည်းရုံးနိုင်သွားပြီဆိုတာ ရဟန်းရှင်လူများ သိများမှ သိကြပါလေစ။

ဒီလိုဖြစ်နေတဲ့ အခြေအနေမျိုးတွေကို သုံးသပ်မိတော့ ယခင်အခါများက ဆွမ်းချိုင့်ဆွဲမဲ့ ကျောင်းသား၊ ကိုရင်များမရှိတော့ပေမဲ့ ဆွမ်းပို့ပေးမည့် ရွာသူ၊ ရွာသားများရှိနေသေး၍ သံဃာတော်များအတွက် ဖြေသာ၊ နေသာ ရှိသေးသော်လည်း ယခုအခါ ကျောင်းသား၊ ကိုရင်များအရေးနှင့် ဆွမ်းပို့မည်သူအရေးဟာ စိုးရိမ်ရေမှတ်သို့ ရောက်နေပြီလို့သာ ဆိုရတော့မည်ဖြစ်၏။

ဒီအခြေအနေမျိုးမှာ ဘာသာရေးခေါင်းဆောင်များနှင့် ရဟန်းရှင်လူများသည် စုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စနစ်ဖြင့် ကျန်စစ်မင်းကြီးကဲ့သို့ ညာဘက်လက်ဖြင့် အစာကိုပေး၍ ဘယ်ဘက်လက်ဖြင့် ဝတ်စားတန်ဆာများကို ပေးသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ရခြင်းပါ။ ဘာသာရေးခေါင်းဆောင် သံဃာတော်အပေါင်းကလည်း ဒကာ၊ ဒကာမများမှ လှူဒါန်းသောအလှူကို မေတ္တာလက်ဖြင့်ခံယူ၍ ဆင်းရဲသူများအား တတ်စွမ်းသမျှ ကရုဏာလက်ဖြင့် ပေးကမ်းသင့်ပါကြောင်း အမျိုး၊ ဘာသာ၊ သာသနာတော်အရေးအတွက် မဝင့်မရဲ လျှောက်ထားရခြင်းပါဘုရား။

"အသက်ငင်နေသော သာသနာကို မိမိတို့လက်ထက်၌ အသက်ထွက်မသွားစေချင်၍ ဒီစာဖြင့် ရေးသားလျှောက်တင်ရခြင်းပါဘုရား။ အားလုံးအပေါ်မှာ လွန်တာရှိက ဝန္ဒာမိပါဘုရား။

ဗုဒ္ဓဘာသာအချင်းချင်း အားပြိုင်နေကြမဲ့အစား၊ ဂုဏ်ပြိုင်နေကြမဲ့အစား မေ့လျော့ပျော်မြူးနေကြမဲ့အစား၊ သာသနာတော်အရေးကို ကိုယ့်ဘဝအရေးလို သဘောထားပြီး၊ တောကျောင်း၊ ရွာကျောင်းတွေမှာ ကျောင်းသား၊ ကိုရင် မရှိတော့ခြင်းကို အကြောင်းပြု၍ အဖြေတစ်ခုခုကို ရရှိနိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစား ပေးကြစေချင်ပါတယ်။

သူတို့ရဲ့ သာသနာပြုနည်းများသည် စနစ်ရှိပြီး၊ ခေတ်နှင့်လျော်ညီစွာ ပြုလုပ်နိုင်ကြ၍ အစွမ်း ထက်မြက်ကြောင်း သတိမူနိုင်ကြရန် ဤဖု(ဒ်)နုတ် (Endnote)လေးကို ထည့်သွင်းဖော်ပြခြင်းဖြစ်ပါသည်။ အသိရှိသူတို့ သတိမူနိုင်ကြပါစေ။

သူတို့အလုပ်၊ သူတို့တာဝန်များကို ဆောင်ရွက်နေကြတဲ့ သူများကိုလည်း အပြစ်မတင်လိုပါ။ ကိုယ့်အလုပ်၊ ကိုယ့်တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေကြတဲ့သူများကိုလည်း အပြစ်မတင်လိုပါ။ အသက်ငင်နေတဲ့ ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီး အသက်ဆက်နိုင်ရေးအတွက် ဆွေးနွေးတင်ပြခြင်းသာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကိုယ်စိတ်၌ ယုံကြည်ချက်ကိုယ်စီရှိနေကြ၍ အတွေးချင်း၊ အမြင်ချင်း မတူညီခဲ့ကြလျှင်လည်း အပြစ်မတင်ကြဖို့ပါ။ မေတ္တာနှလုံးသားဖြင့် မြတ်ဘုရား၏ မေတ္တာတရားကို ခံယူ၍ ကရုဏာနှလုံးသားဖြင့် မြတ်ဘုရား၏ ကရုဏာတရားများကို ဆီးမီးညှိထွန်းသည့် နည်းဥပမာဖြင့် ပြည်သူ၊ ပြည်သာများအား လက်ဆင့်ကမ်းပေးဝေနိုင်ကြပါစေ။ အလင်းကွယ်လျှင် အမှောင်ရောက်တတ်၍ အမှောင်မရောက်ခင် အလင်းမကွယ်နိုင်ဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

ဘိက္ခုဓမ္မပိယ (USA)

**(Endnotes)**

[1] Koan reads: in Chinese and Japanese. The characters literally mean "public case". They are sometimes referred to as "Zen riddles".



They are short "problems" assigned by a Zen master to a student. (Google Reference, 9/30/2011).

[2] Riddle means a difficult and amusing question to which one must guess the answer. (Longman Dictionary)

[3] Problem means a question for which an answer is needed.

www.burmeseclassic.com

www.burmeseclassic.com

## နေ့စွဲမပါတဲ့ ပန်းဒိုင်ယာရီ

ဒီနေ့ မနက်စောစော ဘုရားမရှိခိုးခင် ဘုရားစဉ်ရှေ့မှာ ထိုင်နေရင်း အတွေးတစ်ခု ဝင်လာတယ်။ ပန်းလေးတွေနဲ့စပ်တဲ့ အတွေးပါ။ အာရုံမြင်ကွင်းက ဘုရားစဉ်ရှေ့မှာ ရှိနေတဲ့ ပန်းအိုးရှစ်လုံး။ ပန်းအိုးထဲမှာ ရှိနေတဲ့ ပန်းတွေက အရောင်စုံ၊ အသွေးစုံ။ နှင်းဆီပန်းတွေလည်း ပါတယ်။ သစ်ခွပန်းတွေလည်း ပါတယ်။ ဒေလီယာပန်းတွေလည်း ပါတယ်။ အခြားအခြား အမည်မသိတဲ့ ပန်းတွေလည်းပါတယ်။



အဲဒီပန်းအိုးတွေထဲက ပန်းအိုးလေးလုံးထဲမှာ ရှိနေတဲ့ ပန်းတွေက ညှိုးတတ်တဲ့ ပန်းတွေ။ ကျန်တဲ့ ပန်းအိုးတွေထဲက ပန်းတွေကတော့ မညှိုးတဲ့ ပန်းတွေ။ ပန်းတွေရဲ့ ကွဲပြားခြားနားမှုကို သတိပြုမိတယ်။ ပန်းတွေကို အမြဲတမ်း လန်းဆန်းစေချင်လို့ မညှိုးပန်းတွေကို လှူထားရော့သလားလို့လည်း တွေးမိပါရဲ့။

ဘာပဲဖြစ်ဖြစ်လေ ဘုရားရှင် စင်ရှေ့မှာတော့ ပန်းတွေနဲ့ဝေလို့။ အာရုံမြင်ကွင်းကို အတွေးစိတ်မှာ ခေါင်းစဉ်လေးပေးပြီး ရေးမှတ်လိုက်တယ်။ ခေါင်းစဉ်က “*နေ့စွဲမပါတဲ့ ပန်းဒိုင်ယာရီ*” တဲ့။

ပန်းဆိုတာ လူသားတွေအတွက်တော့ မွှေးဖို့၊ ကြူဖို့၊ အလှဆင်ဖို့၊ လက်ဆောင်ပေးဖို့၊ ဆိုရှယ်ရေးရာမှာ ကိုယ်စားပြုပေးဖို့နဲ့ ဘုရားပန်းတင်လှူဖို့။ ဒါက လူတွေရဲ့သဘောထားပါ။ ယက်မဲ့ပန်းလေးတွေ သူတို့ရထားတဲ့ဘဝက အမွှေးခံ၊

www.burmeseclassic.com



အကြိုခံဖို့ မဟုတ်။ အချစ်ခံ၊ အမုန်းခံဖို့လည်း မဟုတ်။ ဘဝပေးတာဝန်အရ သူတို့ဆောင်ရွက်ရမဲ့ အလုပ်က မျိုးဆက်ပြန့်ပွားဖို့။ သူတို့ပွင့်လန်းမှ တစ်ပွင့်ကနေ တစ်ရာ။ တစ်ရာကနေ တစ်ထောင်။ ဒီမှတဆင့် သာယာလှပတဲ့ ပန်းဥယျာဉ်ကြီး။ သီးပင်များမှာလည်း အလားတူ တာဝန်ကို ဆောင်ရွက်ဖို့။ ပန်းတစ်ပွင့်က အသီးတစ်လုံး။ ပန်းတစ်ရာက အသီးတစ်ရာ။ ပန်းတစ်ထောင်က အသီးတစ်ထောင်။

ထို့နောက် အသီးပေါင်း သိန်းသန်းကုဋေရှိတဲ့ သစ်သီး ဥယျာဉ်ကြီး။ ဒါပေမဲ့ လူတွေရဲ့ အတွေးတွေက ရှုပ်ရှုပ်ထွေးထွေး။ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီးလို့ ဆိုပေမဲ့ အလွှာမတူတဲ့ ဘဝတွေကြားမှာ ပွင့်လာတဲ့ အပွင့်ကို သီးခွင့်မပေးနိုင်တာ၊ သီးလာတဲ့ အသီးကို ကြီးထွားခွင့် မပေးနိုင်တာ။

ဒါတွေက လူတွေရဲ့အတ္တဖက်တဲ့ အပြုအမူတွေပါ။ ဒီလို ပြုမူတတ်တဲ့ လူတွေရဲ့ သဘောကို



ပန်းလေးတွေ နားလည်နိုင်မှာ မဟုတ်ပါဘူး။ မျှတတဲ့ စိတ်ထားနဲ့ ကြည့်တတ်မယ်ဆိုရင် ပန်းကလေးတွေရဲ့ ဘဝက သနားစရာပါ။

လူတွေရဲ့ မျက်ဝန်းအိမ်မှ ကျလာတဲ့ မျက်ရည်ကြောင့် ပန်းပွင့်လေးတွေရဲ့ ဘဝလေးတွေ နွမ်းကြွေမွခဲ့ရတယ်။ ဒါပေမဲ့ ပန်းပွင့်လေးတွေမှ ကျတဲ့ မျက်ရည်ကြောင့် လူတွေရဲ့ဘဝကို ဘယ်တော့မှ နွမ်းကြွေရိုးမရှိ။ ဒီအဖြစ်မျိုးတွေက ဘယ်တော့မှ နွမ်းကြွေရိုးမရှိ။ ဒီလိုပါဘဲ သူတော်ကောင်းတွေကြောင့်ကျတဲ့ မျက်ရည်၊ ကြုံရတဲ့ ဘေးအန္တရာယ်မျိုးဆိုတာ လူ့ဘဝမှာ ရှိမှမရှိတာ။ စဉ်းစားဆင်ခြင်နိုင်ဖို့ပါ။

ပန်းတွေနဲ့ပတ်သက်ပြီး လူ့ဘဝမှာ စဉ်းစားစရာတွေက အများကြီး။ ဘုရားကို ပူဇော်ထားတဲ့ ပန်းရယ်၊ ကေသာမှာ ဆင်မြန်းထားတဲ့ ပန်းရယ် အလှခြင်းလည်း တူမှာမဟုတ်ဘူး။ တန်ဖိုးခြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ညီမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် အတွေးခြင်း၊ အမြင်ခြင်း မတူနိုင်လို့ပါ။

ပန်းကလေးတွေဟာ စကားမပြောတတ်ပေမဲ့ ဘဝကို ပုံဖော်ရာမှာ ပန်းတွေနဲ့ ပုံဖော်ပြတတ်ကြတယ်။ ပန်းဒိုင်ယာရီတွေ၊ ပန်းပုံပြင်တွေ၊ ပန်းဒဏ္ဍာရီတွေနဲ့ ပန်းတွေ အကြောင်းကို ကဗျာအလှ၊ စာအလှတွေနဲ့ ဖွဲ့နွဲ့ပြကြတယ်။

စာပေတွေ၊ ကဗျာတွေထဲမှာ ပန်းဆိုတာ အမြဲတမ်းလန်းမှ လှတယ်လို့ ယူဆသူများ ရှိသလို၊ လန်းခြင်း၊ နွမ်းခြင်းဆိုတဲ့ သဘာဝဖြစ်စဉ်ကိုပင် အလှတရားပါလို့ မြင်တတ်၊ ခံစားတတ်သူများလည်း ရှိလေရဲ့။

ဘဝကို ပန်းနဲ့နှိုင်းပြီး ပြောတတ်ကြတယ်။ ဥပမာ မိန်းမသားတို့ရဲ့ အပျိုစင်ဘဝကို လန်းဆန်းမွှေးကြိုင်နေတဲ့ ပန်းကလေးများနဲ့ နှိုင်းခိုင်းပြီး၊ အိမ်ထောင်ကျထားပြီးတဲ့ မိန်းမသားတို့ရဲ့ ဘဝကို



တော့ နွမ်းကြွေတဲ့ပန်းတွေနဲ့ နှိုင်းခိုင်းပြောဆိုတတ်ကြတယ်။

အလွှာမတူတဲ့ ဘဝတွေကို နှိုင်းခိုင်းပြချင်တဲ့ အခါမျိုးတွေမှာတော့ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ဓနဂုဏ်၊ အလှဂုဏ်၊ ပညာဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ မိန်းမသားများရဲ့ဘဝကို ပိတောက်ပန်းလေးများ၊ သဇင်ပန်းလေးများနဲ့ နှိုင်းခိုင်းပြောဆိုပြီး၊ အလယ်အလတ်တန်း စားဖြစ်တဲ့ မိန်းမသားများရဲ့ ဘဝမျိုးကိုတော့ ငုပန်းလေးတွေနဲ့ နှိုင်းခိုင်းပြီး ပြောဆိုတတ်ကြတယ်။

ဘဝမဲ့၊ အလှမဲ့၊ အခြေမဲ့၊ အနေမဲ့၊ ဂုဏ်မဲ့၊ ဓနမဲ့၊ ပညာမဲ့တဲ့ မိန်းမသားများရဲ့ ဘဝမျိုးကိုကျတော့ ခေါင်ရမ်းပန်းတွေနဲ့ နှိုင်းခိုင်းပြီး ပြောဆိုတတ်ကြတယ်။ ဒီလိုအခြေအနေမျိုးတွေက ရှိနေတော့ လူ့လောကမှာ အလှအပတရားတွေနဲ့ ဝေဆာနေတဲ့ ပိတောက်ပန်းလို ပန်းမျိုးကို ပန်ချင်ကြ၊ ဆူးချင်ကြတယ်ဆိုတာ ဘာများ ထူးဆန်းတော့လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပန်းဆိုတာ ခူးတတ်၊ ပန်တတ်ရင် ပျော်စရာ ကြည်နူးစရာ ကောင်းပေမဲ့ အဆိပ်ပန်းမျိုးကို ခူးမိ၊ ပန်မိ၊ ရှူမိရင်တော့ ရူးလည်းရူး၊ မူးလည်းမူးသွားနိုင်တယ်ဆိုတာ သတိပြုဖို့ပါ။

သူတော်ကောင်းတွေပန်တဲ့ သူတော်ကောင်းတွေခူးတဲ့ သီလစတဲ့ ပန်းမျိုးတွေကျတော့ ပန်သူအတွက် ရူးလည်းမရူး၊ မူးလည်းမမူးတဲ့အပြင်၊ အမြဲတမ်းဘဲ ပျော်ရွှင်ချမ်းမြေ့စေနိုင်တာ တွေးသိနိုင်ဖို့ပါ။

ဟုတ်ပြီလေ။ ဒီတော့လည်း ပန်းနှင့်လူ အသွင်တူအောင် အဓိပ္ပါယ်ရှိတဲ့ ခိုင်းနှိုင်းမှုတွေကို ပြုကြရမယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သီလကို ပန်းနဲ့နှိုင်းခိုင်းပြီး သုတ္တန်များမှာ ဟောထားတာ ရှိတယ်။



ဟောထားပုံက- မြေမှပေါက်တဲ့ ပန်းလေးတွေရဲ့ ရနံ့ဟာ လေအောက်မှာနေသူကိုသာ မွှေးကြိုင်နိုင်ပေမဲ့ လေညာမှာနေသူကိုတော့ မွှေးကြိုင်နိုင်စွမ်း မရှိဘူးတဲ့။ သူတော်ကောင်းတွေရဲ့ သီလရနံ့မျိုးကတော့ လေအောက်မှာလည်း မွှေး။ လေညာမှာလည်း မွှေး။ ဘယ်နေရာမှာဘဲနေနေ မွှေးနိုင်တယ်တဲ့။ သီလတန်ဖိုးကိုသိမှ ပန်းရဲ့တန်ဖိုးကို သိနိုင်တဲ့ တရားမျိုးပါ။

ဒီနေရာမှာ ဒီပုံဝတ္ထုလေးကို မျှဝေခံစားကြည့်စေချင်တယ်။ တစ်ခါက ရဟန်းငယ်လေး တစ်ပါး ကန်ဘောင်ရိုးမှာရှိတဲ့ သစ်ပင်ရင်းမှာ တရားအားထုတ်နေခဲ့တယ်။ အဲဒီအချိန်မှာ ရှောင်တခင်ဆိုသလို သာသာညှင်းညှင်းလေးနဲ့ တိုက်ခိုက်လိုက်တဲ့လေ။ အဲဒီလေနဲ့အတူပါလာတဲ့ ကြာပန်းရနံ့လေးတွေဟာ တရားအားထုတ်နေတဲ့ ရဟန်းငယ်ရဲ့ မျက်နှာအနီးတဝိုက်မှာ ဝေ့ဝိုက်ပြီး ဖြတ်သန်းသွားခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းငယ်လေးဟာ ဝင်လေထွက်လေနဲ့ အတူ ပန်းရနံ့လေးကို သာယာစိတ်နဲ့ ရှူလိုက်မိတယ်။ ဒါကိုသိတဲ့ ရေကန်စောင့်နတ်သမီးက နံ့သာသူခိုးရယ်လို့ စွပ်စွဲပြောဆိုလာတယ်။

ဒီတော့ ရဟန်းငယ်က "အသင် နတ်သမီး ဘာကြောင့် ငါ့ကို နံ့သာသူခိုးလို့ စွပ်စွဲရတာလဲ။ ခုနက လူတစ်ယောက် ရေကန်ထဲ ဆင်းပြီး ကြာပန်းတွေကို သူ့အလိုရှိသလောက် ခူးယူသွားတာကို သင်မမြင်ရောလေသလား။ သူ့ကိုတော့ နံ့သာသူခိုးလို့ မစွပ်စွဲပါဘဲ ဘာကြောင့်များ ငါ့ကိုတော့ နံ့သာသူခိုးရယ်လို့ စွပ်စွဲရတာလဲ"တဲ့။

"မြင်ပါသော်ကော အရှင် သို့ပေမဲ့ လူတွေရဲ့ သီလဆိုတာ မည်းညစ်နေတဲ့ အဝတ်ပေါ်မှာ နောက်ထပ် အညစ်အထေးတွေ စွန်းထင်လည်း ဘာမှထူးတော့တာ မဟုတ်ဘူး။ ဒါကြောင့် လူတွေအကြောင်းကိုတော့ ကျွန်ုပ် ဘာမှမပြောလိုပါ။



သို့သော် အရှင် အရှင်ရဲ့ ဖြူစင်တဲ့ စိတ်အစဉ်မှာ ပန်းရနံ့ကို သာယာကြည်နူးတဲ့ သမုဒယဆိုတဲ့ အညစ်အထေးလေးတစ်ခု နောက်ထပ် အစွန်းထင် သွားမှာစိုးလို့ သတိပေးရခြင်းပါ" တဲ့။

သူတော်ကောင်းတို့ရဲ့ သီလရနံ့များဟာ အမြဲတမ်း မွှေးကြိုင်နေတယ်ဆိုတာကို သိစေလိုတဲ့ သဘောပါ။ ဟုတ်ပါရဲ့။ ပန်းဆိုတာ အပြစ်ကင်းစင်တဲ့ မွှေးရနံ့ရှိတယ်ဆိုပေမဲ့ ကိလေသာ မြူအညစ်အကြေးများလည်း စွန်းထင်နိုင်သေးတာဘဲလို့ သဘောပေါက်မိပါရဲ့။

ပန်းမှာ သဘာဝပန်း၊ ဓမ္မ(တရား) ပန်းရယ်လို့ ဆန်းပြားတဲ့အမည် နှစ်မျိုးရှိနိုင်တယ်။ သဘာဝ ပန်းမှာ လှပတဲ့ဂုဏ်၊ မွှေးကြိုင်တဲ့ဂုဏ်၊ အရောင် အသွေး စုံတဲ့ဂုဏ်၊ လူသားတို့ရဲ့စိတ်ကို ဆွဲဆောင် နိုင်တဲ့ဂုဏ် ဒီဂုဏ်ရည်တွေကို ပိုင်ဆိုင်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ရဲ့အားနည်းချက်က နွမ်းကြေတတ်တဲ့ သဘာဝ။ ဓမ္မပန်းမှာလည်း ရှုမဝတဲ့အလှ၊ မွှေးပျံ့တဲ့ သင်းရနံ့၊ ထင်သာမြင်သာတဲ့ အရောင်အသွေး၊ လူသားတို့ရဲ့စိတ်ကို အေးမြစေနိုင်တဲ့ တည်ငြိမ်တဲ့ ဓာတ်သဘာဝ ဒီဂုဏ်ရည်တွေကို ပိုင်ဆိုင်ထားတယ်။

သူ့ရဲ့ အားသာချက်ကတော့ ဘယ်တော့မှ မနွမ်းဘဲ အမြဲတန်းလန်းနေတဲ့ ဓာတ်သဘာဝ။ ပန်းတို့ရဲ့ သဘာဝ၊ ပန်းတို့ရဲ့ အလှတရားတွေနဲ့ ပတ်သတ်ပြီး ပုထုဇဉ်တို့ရဲ့အမြင်နဲ့ အရိယာတို့အမြင် အမြင်ခြင်းတော့ မတူနိုင်ဘူးပေါ့။

ပုထုဇဉ်တို့ရဲ့သဘာဝက တဒင်္ဂမျှသာ လှတဲ့ ပန်းမျိုးကို ခူးလိုကြ၊ ပန်လိုကြတယ်။ အရိယာသူတော်စင်များကတော့ အမြဲတန်းလန်းနေတဲ့ ပန်းအမတမျိုးကို ခူးလိုကြ၊ ပန်လိုကြတယ်။ အရိယာတို့ ပန်ဆင်တဲ့ သီလပန်း၊ မဂ်ပန်း၊ ဖိုလ်ပန်းတို့ဆိုတာ ဘယ်သောအခါမှ မငြိုးနိုင်တဲ့ပန်းတွေ။



ပန်းတို့ရဲ့သဘာဝတွေကို ဓမ္မသဘောနဲ့ နှိုင်းခိုင်းပြီး ပြောဆိုမယ်ဆိုရင်တော့ ပရမတ်ပန်းနှင့် ပညတ်ပန်း။ ပညတ်ပန်းမှာ အရောင်အသွေးတွေ စုံတယ်။ မွှေးရနံ့တွေ သင်းတယ်။ လှပကျော့ရှင်းတယ် ဆိုနိုင်ပေမယ့် အဲဒီအရည်အချင်းတွေဟာ တကယ့်ရှိတဲ့ အရှိတရားတွေကို ကိုယ်စားမပြုနိုင်ဘူး။ ရွှံ့တုံးကို ရွှေတုံးထင်အောင် ပြုထားနိုင်တဲ့ အဝိဇ္ဇာမျက်လှည့်သည်တို့ရဲ့ ဆန်းပြားတဲ့ လှည့်ကွက်မျိုးသာ ဖြစ်တယ်။

ပရမတ်ပန်းမှာ ချစ်ခြင်း မုန်းခြင်း မပါ။ လှခြင်း အရုပ်ဆိုးခြင်းမရှိ။ မွှေးခြင်း နံခြင်းနှင့် မယှဉ်။ တည်ငြိမ်တဲ့သဘာဝ။ အေးမြတဲ့ သဘာဝ။ ဒီသဘာဝတွေသာ ထင်ရှားရှိတာ။

သိထားသင့်တာက ပရမတ္ထတရားတွေမှာ ရှိနေတဲ့ သဘာဝတရားတွေဟာ ပန်သူ ခူးသူကြောင့် လှနေခြင်းမျိုး မဟုတ်ဘဲ သူ့သဘာဝအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အလှနဲ့သူ ရှိနေတဲ့ သဘောပါ။ သာသနာတို့ဆိုတာ သူတော်ကောင်းတွေပန်တဲ့ ပန်းတွေရဲ့တည်ရာ ဥယျာဉ်ကြီးတစ်ခုနဲ့ တူနေတာ။ ဒီဥယျာဉ်ကြီး မပျက်စီးဘဲ အမြဲတမ်းတည်ရှိနေဖို့အရေးဟာ သူတော်ကောင်းများရဲ့အရေးလို့ ဆိုရမှာပါ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က အရှင်ကိမိလမထေရ်ဟာ ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို ကြည်ညိုတဲ့စိတ်နဲ့ သာသနာတော်တည်ကြောင်း၊ ကွယ်ကြောင်းတရားတွေကို တွေးမိပြီး အကြောင်းအကျိုးကို ဘုရားရှင်အား လျှောက်ထားပြတယ်။

"ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်သွားပြီးတဲ့နောက်ပိုင်းမှာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီး ကြာရှည်စွာတည်တံ့နေဖို့ အကြောင်းတရားတွေက ဘာတွေများပါလဲဘုရား"တဲ့။



ဒီလိုမေးလျှောက်တော့ မြတ်စွာဘုရားက "ချစ်သားကိမိလ ရှည်ရှည်ဝေးဝေးတွေ တွေးမနေနဲ့။ သာသနာတော် ကွယ်ခြင်း၊ မကွယ်ခြင်းဆိုတာ ကျင့်သူ ကြံသူ ရဟန်းရှင်လူတို့အပေါ်မှာ အများကြီး မူတည်နေတယ်။

ပရိသတ်လေးပါး (ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ)တို့က ဘုရား၌ လည်းကောင်း၊ တရား၌ လည်းကောင်း၊ သံဃာ၌ လည်းကောင်း၊ သိက္ခာသုံးပါး၌ လည်းကောင်း၊ တရားကျင့်သုံးဖော် အချင်းချင်း၌ လည်းကောင်း ရိုသေမှုမရှိ လေးစားမှုမရှိ၊ ဒီလိုအခြေအနေမျိုးတွေ ရောက်လာပြီ ဆိုရင်တော့ ဒီသာသနာတော်ကြီး ကွယ်မယ်" လို့ မိန့်ကြားတော်မူတယ်။ (အင်္ဂုတ္တိုရ်ပါဠိ၊ ကိမိလသုတ်)

သာသနာ့ဥယျာဉ်ကြီး မရှိတော့ဘူး ဆိုရင်တော့ ပန်းတွေဆိုတာလည်း မရှိနိုင်တော့ဘူး ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ သတိရှိကြဖို့ပါ။ ပန်းတွေနွမ်း (သူတော်ကောင်းတရားတွေကွယ်) ပြီဆိုရင်တော့ လောကကြီးလည်း ကြမ်းပြီလို့သာ မှတ်ပေတော့။ ပညာ သတိနဲ့ ဆင်ခြင်နိုင်ဖို့ပါ။

သူတော်ကောင်းတို့ မြတ်နိုးတဲ့ ပန်းတွေ အကြောင်းကို အထိုက်အလျောက် ပြောပြပြီးပြီဆိုတော့ ပန်းတွေအကြောင်းကို သိသင့်သလောက်တော့ သိနိုင်ပြီထင်မိပါရဲ့။ ဒါပေမယ့် တစ်ခုတော့ ပြောပြပါရစေ။ ပန်းဆိုတာ အမြင်အားဖြင့် လှတယ်ဆိုပေမဲ့၊ အနံ့အားဖြင့် မွှေးတယ်ဆိုပေမဲ့ သူ့နေရာနဲ့သူ ပန်တတ်မှ၊ သူ့နေရာနဲ့သူ ဒူးတတ်မှ၊ သူ့နေရာနဲ့သူ ပေးတတ်မှ အဆင်ပြေနိုင်တာ။ တန်ဖိုးရှိတာ။

ဘာကြောင့်လဲဆိုရင် လူ့ဘဝမှာ "လူ့စည်း၊ ဘီလူးစည်း" ဆိုတာရှိတယ်။ ဒါတွေကို အယူမသီးပါဘူး ဆိုပြီး ထင်ရာလုပ်ရင်တော့ ပြဿနာတွေ တက်သွားနိုင်လို့ပါ။ ဥပမာလေးတစ်ခု ပေးမယ်။



ခေါင်ရမ်း ပန်းဆိုတာ အမင်္ဂလာရဲ့ အထိမ်းမှတ်ပန်း။ ဒါကို အများစုက သိထားတော့ မင်္ဂလာဆောင်မှာ ခင်မင်လို့ အိမ်မှာရှိထားတဲ့ ခေါင်ရမ်းပန်းလေးတွေကို ပေးမိရင် ဘာတွေ ဖြစ်သွားမလဲ။

ခြောက်ဆယ်ကျော်အဖိုးကြီးက မြေးမလေးအရွယ်သာရှိသေးတဲ့ မိန်းမငယ်လေးကို ဗလင်းတိုင်းနေ့မှာ နှင်းဆီပန်း လှလှလေးတွေကို ပေးခဲ့မိရင် တုံ့ပြန်လာမဲ့ ရလာဒ်က ဘာတွေ ဖြစ်နိုင်သလဲ။

ကိုယ်ကျင့်သိက္ခာများရဲ့ ဖောင်ဒေးရှင်းဖြစ်တဲ့ သီလပန်းတို့၊ ဗြဟ္မစိုရ်ပန်းတို့ဆိုတာ သူတော်ကောင်းတို့ မြတ်နိုးတဲ့ ပန်းတွေပါ။ ဒီပန်းတွေကို သာသနာဥယျာဉ်ကြီးထဲမှာ ရှာဖွေလို့ ရနိုင်တာမို့ ဒူးလိုတယ်။ ပန်လိုတယ်ဆိုရင်တော့ ဒူးရုံပါဘဲ။

ဒါပေမဲ့ ဒီပန်းတွေကို တန်ဖိုးမသိတဲ့ လူမိုက်ကို ပန်စေလိုတဲ့စိတ်နဲ့ သွားပေးမိခဲ့ရင်တော့ သွားချောင်း စီးသွားနိုင်တယ်ဆိုတာ သတိပြုဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြတ်စွာဘုရားက ဒုတ်ဒါး လက်နက်ကိုင်ဆောင်ထားတဲ့သူများကို တရားမဟောရဘူးဆိုတဲ့ သိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့တာ။ မြတ်စွာဘုရားက မြင်တော်မူပြီးသားပါ။

မြတ်ဗုဒ္ဓရဲ့သာသနာတော်ကြီး မကွယ်စေချင်တာကတော့ စာရေးသူရဲ့ သဘောထား အမှန်ပါ။ ဒါပေမဲ့ သာသနာတော်တည်ဖို့ အရေးဆိုတာ တစ်ယောက်တည်း ဆောင်ရွက်လို့ ရစကောင်းတဲ့ အရာမဟုတ်လေတော့။ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီး ကွယ်သွားခဲ့ရင်ဆိုတဲ့ တွေးတွေးခေါင်ခေါင် အတွေးမျိုးတွေကို မတွေးလိုတော့ပါ။

သာသနာ့ဥယျာဉ်ကြီး ပျက်စီးခြင်း၊ မပျက်စီးခြင်းဆိုတာ ပရိသတ်လေးပါး အပေါ်မှာဘဲ မူတည်နေတာ ဆိုတော့..။ နေမင်းကို မြတ်နိုးလွန်းလို့ နေလှည့်ရာကို ဦးညွတ်နေတဲ့ နေကြာပန်းလေးတွေလို ဘုရားတည်းဟူသော နေမင်းကြီးကို အမြဲတန်း ဦးညွှတ်နိုင်ဖို့ပါ။

BURMESE CLASSIC .com



သိကြားမင်း ဖန်ဆင်းပေးတဲ့ နွားကိုပင် ချီးပျော့တယ် လို့ဆိုချင်နေတဲ့ခေတ်ကြီးမှာ အပြစ်ကင်းသူဆိုတာ (ဘုရားရဟန္တာများမှလွဲရင်) လောကမှာ ရှားမှရှားပါ။

ဒီတော့ လူသားအချင်းချင်း မေတ္တာဆိုတဲ့ နှုတ်စကားဖြင့် ဖိတ်ခေါ်ပြီး၊ သစ္စာဆိုတဲ့ ပန်းတွေကို သူတော်ကောင်းနဲ့တူတဲ့ ဦးခေါင်းထက်မှာ တယုတယ ပန်ဆင်ပေးတတ်တဲ့ မိခင်လို သဘောထားပြီး ပြုံးပန်းတွေဝေနေတဲ့ မုဒိတာ သမီးငယ်လေးကို နွေးထွေးကြင်နာတဲ့ ကရုဏာလက်ဖြင့် ပွေ့ဖက်ထားတဲ့ ပန်းချီကားချပ်လေးကို သင့်ရဲ့ အတွေးအာရုံမှာ ထင်မြင်နေမယ်ဆိုရင်..။

သင်လျှောက်နေတဲ့ ခရီးလမ်းမှာ သင်ကိုယ်တိုင်က "ငြိမ်းချမ်းရေး ခရီးသည်"။ သူတော်ကောင်းကို အဖော်ပြုထားတဲ့ သင်ရဲ့ခရီးဟာ ဘယ်ကို ဦးတည် သွားတယ်ဆိုတာ သင်ကိုယ်တိုင်က ပိုသိ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ရှိစေတော့လေ။ "ပန်းဒိုင်ယာရီ" စာအုပ်လေး ကို ဖတ်ရတာ အခုလောက်ဆို မောလောက်ရောပေါ့။

ဒါကြောင့် ဒီနေရာမှာဘဲ ရပ်နားပါရစေ။ ဒါပေမဲ့ ကမ္ဘာကျော် ကဗျာဆရာကြီး တဂိုး ရေးတဲ့ အတွေးအမြင်လေးကို အတူခံစား ကြည့်နိုင်ဖို့ မျှဝေပေးပါရစေ။ သူ့ကဗျာလေးက - ဥယျာဉ်ကြီးထဲ ရောက်တဲ့အခါ ပန်းလေးတစ်ပွင့်ကို ခူးပြီး ကျေနပ်မနေပါနဲ့ဦး၊ သင့်အတွက် ရောင်စုံဖြာနေတဲ့ ပန်းတွေ ဥယျာဉ်ကြီးထဲမှာ အများကြီး ရှိနေသေးတယ်"တဲ့။


အို- စာရှုသူ ပန်းခင်းထဲမှလာတဲ့ လေဟာ ပန်းရနံ့တွေ သင်းနေမယ်ဆိုတာ သံသယစိတ်တွေ ရှိဖို့လိုသေးလို့လား။ ချမ်းသာစွာအိပ်စက်နိုင်ကြပါစေ။

ဘိက္ခုဓမ္မပိယ(USA)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ဒေါက်တာအရှင်ဓမ္မပိယ(ပါမောက္ခ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

## မေတ္တာလက်ဖြင့်ခံယူ၍
## ကရုဏာလက်ဖြင့်ပေးစေချင်

ဘာသာရေးခေါင်းဆောင်
သံဃာတော်အပေါင်းကလည်း
ဒကာ၊ ဒကာမများမှ လှူဒါန်းသော အလှူကို
မေတ္တာလက်ဖြင့် ခံယူ၍
ဆင်းရဲသူများအား တတ်စွမ်းသမျှ
ကရုဏာလက်ဖြင့်
ပေးကမ်းသင့်ပါကြောင်း...။

www.burmeseclassic.com